# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပြောင်းဖူးစေ့

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၀၇)

(HS-Code 100590)

Maize (Excluding Seed for Sowing)









February 2019

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

## PRODUCT : 100590 Maize (Excluding Seed for Sowing)

**(HS-Code 100590)**

**Maize (Excluding Seed for Sowing)**

### ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1. Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Japan | 3073888 | 15304001 | 201 | 10.5 |
| Mexico | 2815937 | 15326773 | 184 | 9.7 |
| Korea, Republic of | 1783555 | 9320087 | 191 | 6.1 |
| Egypt | 1717022 | 8330754 | 206 | 5.9 |
| Spain | 1375099 | 7393688 | 186 | 4.7 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၁။ ဖော်ပြပါ ပြောင်းဖူးစေ့(HS-Code100590) အား ၂၀၁၇ခုနှစ်တွင်အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာဂျပန်၊ မက္ကဆီကို၊ ကိုရီးယား၊ အီဂျစ်နှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ ဂျပန်နိုင်ငံ၏ ၂၀၁၇ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၃၀၇၃ ဒသမ ၈၈၈ သန်းရှိကာ ကမ္ဘာ့ပြောင်းဈေးကွက်၏ ဈေးကွက်ဝေစု ၁၀ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက်မက္ကဆီကို နိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၈၁၅ ဒသမ ၉၃၇ သန်း နှင့်ဈေးကွက်ဝေစု ၉ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည် လျက်ရှိသည်။ အလားတူ ကိုရီးယား၊ အီဂျစ်၊ စပိန်နိုင်ငံတို့ကလည်း တတိယ၊ စတုတ္ထနှင့် ပဉ္စမနေရာများတွင် အသီးသီး အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ ပြောင်းဖူးစေ့ ဝယ်ယူသော ကမ္ဘာ့နိုင်ငံ ၂၀၁ နိုင်ငံ ရှိပြီး ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အီဂျစ်က ဝယ်ယူသည့် ဈေးမှာ အမြင့်ဆုံး ဖြစ်၍ ဂျပန်က ဒုတိယ၊ ကိုရီးယားက တတိယတို့ဖြစ်ကြသည်။

**မြန်မာ့ ပြောင်းဖူးစေ့တင်ပို့သည့် ထိပ်တန်း(၇) နိုင်ငံ (၂၀၁၇)**

Table 2.Top 7 Importers of Myanmar in 2017

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value exported in 2017 (USD thousand) | Share in Myanmar's exports (%) | Quantity exported in 2017 | Unit value (USD/unit) |
| World | 18881 | 100 | 89649 | 211 |
| China | 13295 | 70.4 | 59555 | 223 |
| Viet Nam | 2857 | 15.1 | 15164 | 188 |
| Malaysia | 1423 | 7.5 | 8972 | 159 |
| Taipei, Chinese | 650 | 3.4 | 2345 | 277 |
| Philippines | 322 | 1.7 | 1838 | 175 |
| Singapore | 294 | 1.6 | 1595 | 184 |
| Hong Kong, China | 39 | 0.2 | 181 | 215 |

Source : ITC TradeMap

၂။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အများဆုံး တင်ပို့ရောင်းချလျက်ရှိသည့် နိုင်ငံမှာ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ တိုင်ပေ (တရုတ်)၊ ဗီယက်နမ်နှင့် ဟောင်ကောင်နိုင်ငံတို့ဖြစ်ကြသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ

Fig 3. Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Japan | 3073888 | 15304001 | 10.5 |
| Korea, Republic of | 1783555 | 9320087 | 6.1 |
| Viet Nam | 1273610 | 7953848 | 4.4 |
| Iran, Islamic Republic of | 1076552 | 6603629 | 3.7 |
| Taipei, Chinese | 847429 | 4446041 | 2.9 |

Source : ITC TradeMap

၃။ ပြောင်းဖူးစေ့ကို အများဆုံး ဝယ်ယူလျက်ရှိသော အာရှနိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ အီရန်နှင့် တိုင်ပေ (တရုတ်) တို့ဖြစ်ကြသည်။ ယင်းတို့အနက် ဂျပန်သည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၃၀၇၃ ဒသမ ၈၈၈ သန်း၊ အရေအတွက်အားဖြင့် တန်ချိန် ၁၅ သန်းကျော်နှင့် အများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရပြီး ၎င်းနောက်တွင် ကိုရီးယားနိုင်ငံက သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၇၈၃ ဒသမ ၅၅၅ သန်း၊ တန်ချိန်အားဖြင့် ၉ သန်းကျော်နှင့် ဒုတိယ အများဆုံးဝယ်ယူသည့်နိုင်ငံအဖြစ်တွေ့ရသည်။ ယင်းနောက် ဗီယက်နမ်၊ အီရန်နှင့် တိုင်ပေ (တရုတ်) တို့ကအစဉ်လိုက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ

Table 4. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| United States of America | 9237808 | 52898811 | 175 | 34.3 |
| Brazil | 4567019 | 29246394 | 156 | 17 |
| Argentina | 3822637 | 23691181 | 161 | 14.2 |
| Ukraine | 2974710 | 19387399 | 153 | 11 |
| Russian Federation | 883268 | 5175706 | 171 | 3.3 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၄။ ၂၀၁၇ ခုနှစ်တွင် ဖော်ပြပါ ပြောင်းဖူးစေ့ (HS-Code 100590) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့ဖြစ်ကြသည်။ အမေရိကန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၉၂၃၇ ဒသမ ၈၀၈ သန်းရှိပြီး ဈေးကွက်ဝေစု ၃၄ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိသည်။ ဒုတိယနေရာရှိ ဘရာဇီးကလည်း ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၄၅၆၇ ဒသမ ၀၁၉ သန်းရှိ၍ ဈေးကွက်ဝေစု ၁၇ ရာခိုင်နှုန်း ရရှိထားပြီး အာဂျင်တီးနားသည် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၈၂၂ ဒသမ ၆၃၇ သန်းနှင့် ဈေးကွက်ဝေစု ၁၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးနေရာယူထားကြောင်း တွေ့ရှိရသည်။ ထို့နောက် ယူကရိန်း၊ ရုရှားနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် အမေရိကန်က အမြင့်ဆုံးဖြစ်ပြီး ရုရှား၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ယူကရိန်းနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ ကမ္ဘာပေါ်မြန်မာ ၏ပြောင်းဖူးစေ့တင်ပို့နေသည့် အဆင့် (၃၆) တွင်တည်ရှိနေသည်။

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ်ဈေးကွက်

Fig 5. Top 5 world exporters to China in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Ukraine | 369530 | 1821577 | 61.6 |
| United States of America | 159882 | 756635 | 26.6 |
| Lao People's Democratic Republic | 45135 | 150553 | 7.5 |
| Myanmar | 24414 | 93051 | 4.1 |
| Peru | 564 | 260 | 0.1 |

Source : ITC TradeMap

မလေးရှားဈေးကွက်

Fig 6. Top 5 world exporters to Malaysia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Argentina | 278426 | 1369590 | 52.7 |
| Brazil | 189570 | 1017130 | 35.9 |
| United States of America | 49224 | 235420 | 9.3 |
| Thailand | 6373 | 27227 | 1.2 |
| Myanmar | 2848 | 14203 | 0.5 |

Source : ITC TradeMap

ဗီယက်နမ်ဈေးကွက်

Fig 7. Top 5 world exporters to Vietnam in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Argentina | 687942 | 4341004 | 54 |
| Brazil | 412219 | 2637305 | 32.4 |
| Russian Federation | 128669 | 742516 | 10.1 |
| Thailand | 29390 | 146765 | 2.3 |
| Ukraine | 9632 | 66000 | 0.8 |

Source : ITC TradeMap

ဂျပန်ဈေးကွက်

Fig 8. Top 5 world exporters to Japan in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| United States of America | 2443610 | 12005592 | 79.5 |
| Brazil | 431683 | 2286176 | 14 |
| South Africa | 102920 | 550212 | 3.3 |
| Russian Federation | 43507 | 220633 | 1.4 |
| Ukraine | 34386 | 173319 | 1.1 |

Source : ITC TradeMap

မက္ကဆီကိုဈေးကွက်

Fig 9. Top 4 world exporters to Mexico in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| United States of America | 2705566 | 14676070 | 96.1 |
| Brazil | 98446 | 583208 | 3.5 |
| Argentina | 11923 | 67492 | 0.4 |
| Russian Federation | 1 | 3 | 0 |

Source : ITC TradeMap

## သွင်းကုန်ခွန်လေ့လာချက်

၅။ သွင်းကုန်ခွန်စည်းကြပ်မှုကိုလေ့လာရာတွင် မလေးရှား၊ ဂျပန်နှင့် မက္ကဆီကိုနိုင်ငံတို့က MFN duties သုညရာခိုင်နှုန်းသတ်မှတ်ထားကြောင်းတွေ့ရသည်။ တရုတ်နိုင်ငံတွင် MFN duties သုညဒသမ ၆၅ ရာခိုင်နှုန်း ၊ Preferential Tariff for ASEAN သုညဒသမ ၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် MFN duties သုည ဒသမ ၃ ရာခိုင်နှုန်းနှင့် Preferential Tariff for ASEAN သုညနှင့် Preferential Tariff for AANZETA သုည ဒသမ ၀၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်းလေ့လာတွေ့ရှိရသည်။

**Tariff Rate of Maize (Excluding Seed for Sowing)**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | Preferential tariff for ASEAN countries | 0.5 |
| | MFN duties (Applied) | 0.65 |
| Malaysia | MFN duties (Applied) | 0 |
| Vietnam | MFN duties (Applied) | 0.3 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for AANZFTA countries | 0.05 |
| Japan | MFN duties (Applied) | 0 |
| Mexico | MFN duties (Applied) | 0 |

Source : ITC TradeMap

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ တင်ပို့မှုအခြေပြဇယား (ပင်လယ်ရေကြောင်း)**

**ကန်ဒေါ်လာသန်း**

| **ဘဏ္ဍာနှစ်** | **တန်ချိန်** | **တန်ဖိုး** |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၉၄၄.၅၇၆ | ၀.၉၀၆ |
| ၂၀၁၄-၂၀၁၅ | ၄၇၅၀.၇၅၀ | ၁.၅၂၄ |
| ၂၀၁၅-၂၀၁၆ | ၇၈၆.၇၀၀ | ၀.၂၀၁ |
| ၂၀၁၆-၂၀၁၇ | ၈၁၁၀၃.၄၅၀ | ၁၄.၃၄၄ |
| ၂၀၁၇-၂၀၁၈ | ၄၈၄၀၆.၁၅၄ | ၉.၄၃၃ |

Source:Tradedata.moc.local

၆။ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ (100510000) ကို ဗီယက်နမ်၊ မလေးရှား၊ အိန္ဒိယ၊ ဟောင်ကောင် ၊ စင်ကာပူ ဖိလစ်ပိုင်နှင့် ထိုင်ဝမ်နိုင်ငံတို့က ဝယ်ယူလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပြောင်း (1005909000) ကို ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ယူအေအီး၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ထိုင်ဝမ်နှင့် ပါကစ္စတန်နိုင်ငံ များမှ ဝယ်ယူလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ တင်ပို့မှုအခြေပြဇယား (နယ်စပ်)**

**ကန်ဒေါ်လာသန်း**

| **ဘဏ္ဍာနှစ်** | **တန်ချိန်** | **တန်ဖိုး** |
|---|---|---|
| ၂၀၁၃-၂၀၁၄ | ၉၃၄၄၀၃.၆၃၅ | ၂၈၅.၆၀၅ |
| ၂၀၁၄-၂၀၁၅ | ၁၃၇၂၉၄၁.၂၀၀ | ၃၉၇.၈၂၇ |
| ၂၀၁၅-၂၀၁၆ | ၁၁၈၇၇၈၉.၅၄၅ | ၃၀၄.၉၄၂ |
| ၂၀၁၆-၂၀၁၇ | ၁၂၁၂၅၂၆.၁၂၀ | ၂၃၈.၅၁၀ |
| ၂၀၁၇-၂၀၁၈ | ၁၃၈၉၁၇၆.၅၄၉ | ၂၈၅.၀၆၈ |

Source:Tradedatamoc.local

၇။ မြန်မာ့ ပြောင်းဖူးစေ့ကို ၂၀၁၃-၂၀၁၄ မှ ၂၀၁၇-၂၀၁၈ ထိ တရုတ်နိုင်ငံမှ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းဖြင့် ဝယ်ယူလျက်ရှိသည်။

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၈။ ကမ္ဘာပေါ်တွင် ပြောင်းဖူးစေ့ အများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် ဂျပန်နိုင်ငံသည် ကမ္ဘာ့အများဆုံး ပြောင်းဖူးစေ့ ဝယ်ယူသောနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံး၏ ဈေးကွက်ရှယ်ယာ (၁၀) ခုရှိနေပါသည်။ ဒုတိယအနေဖြင့် မက္ကဆီကိုနိုင်ငံဖြစ်ပြီး ၉ ဒသမ ၄ ရှယ်ရာ ဝေစုရှိနေပါသည်။ ၎င်းနောက်မှာ ကိုရီးယား၊ အီဂျစ်၊ အီရန်၊ ဗီယက်နမ်၊ စပိန်၊ နယ်သာလန်၊ အီတလီတို့ အစဉ်လိုက်ရှိကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့များကို ယခုလက်ရှိ အချိန်တွင် အများဆုံးတင်ပို့နေသော (၅) နိုင်ငံမှာ တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ တိုင်ပေ (တရုတ်)၊ ဖိလစ်ပိုင်တို့ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း မြန်မာ့ပြောင်းဖူးစေ့ကို ဈေးနှုန်းအများဆုံး ပေး၍ အရေအတွက်အများဆုံး ဝယ်သောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး၊ ဈေးကွက် ရှယ်ယာ ၇၀ ဒသမ ၄ ရာခိုင်နှုန်းရှိနေပါသည်။ ဒုတိယနေရာတွင် ဗီယက်နမ်တည်ရှိနေပြီး ဈေးကွက် ရှယ်ယာ ၁၅ ဒသမ ၁ ရာခိုင်နှုန်းရှိနေသည်။ ဗီယက်နမ်သည် ကမ္ဘာ့ပြောင်းဖူးစေ့ ဝယ်ယူသော နိုင်ငံများ စာရင်းတွင် အဆင့် (၆) နေရာတွင်ရှိနေသည်။ ၂၈-၂-၂၀၁၉ နေ့တွင် ရှာဖွေရရှိသော ITC Data အရ ဗီယက်နမ်မှ ဝယ်ယူလျက်ရှိသော တစ်တန်ပျမ်းမျှဈေးနှုန်းကို ရှာဖွေရရှိခြင်းမရှိသေးပါ။ မြန်မာ့ပြောင်းဖူးစေ့ အများဆုံးဝယ်ယူလျက်ရှိသော တရုတ်နိုင်ငံသည် ကမ္ဘာ့ဝယ်ယူသော ထိပ်တန်း (၁၀) နိုင်ငံတွင် မပါဝင်ဘဲ မြန်မာမှသာအများဆုံးဝယ်ယူလျက်ရှိ သည်။ တရုတ်သို့ပြောင်း တင်သွင်းလျက်ရှိသော နိုင်ငံများစာရင်းတွင် မြန်မာမှ နံပါတ် (၄) အဆင့်ရှိနေ၍ လက်ရှိဈေးကွက်ရှိသော တရုတ်သို့လည်း ဈေးကွက်ချဲ့ထွင်ရန် လိုအပ်လျက်ရှိသည်။ မြန်မာ့ပြောင်း ဒုတိယအများဆုံး ဝယ်ယူလျက်ရှိသော ဗီယက်နမ်သည် ၎င်းတို့နိုင်ငံသို့တင်သွင်းလျက် ရှိသော Top 5 စာရင်းတွင် မြန်မာပါဝင်မှုမရှိသေး၍လည်းကောင်း၊ တစ်ကမ္ဘာလုံးတွင် ဝယ်လိုအား အဆင့် (၆) နေရာတွင်ရှိ၍ လည်းကောင်း၊ ဗီယက်နမ်သို့ ဦးစားပေးဈေးကွက်ချဲ့ထွင်ရန်ကြိုးပမ်း သင့် ပါသည်။ ဂျပန်နှင့် မက္ကဆီကိုနိုင်ငံတို့သည်လည်း ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများဖြစ်ပြီး ဝယ်ယူသော ပျမ်းမျှ ဈေးနှုန်းများ များစွာကွာဟမှုမရှိခဲ့၊ MFN အခွန်နှုန်းထား သုညရာခိုင်နှုန်းပေးထားသည့် အတွက် Logistic Cost တွက်ချက်၍ ဈေးကွက်ချဲ့ထွင် ရန်စဉ်းစားသင့်သည့် နိုင်ငံများဖြစ်သည်။ ထို့အပြင် မလေးရှားသည်လည်း MFN အခွန်နှုန်း သုညရာခိုင်နှုန်းပေးထားပြီး မြန်မာမှ တင်ပို့လျက်ရှိသော နိုင်ငံများတွင် တတိယအဆင့်ရှိ၍ ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းသင့်ပါသည်။